ရှားဇောင်းကန်ကျေးရွာ

ရှားဇောင်းကန်ကျေးရွာအုပ်စု၊ မကွေးမြို့နယ်

မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရှားဇောင်းကန်ကျေးရွာ

(မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၃

မာတိကာ

၁။ စကားချီး ၅

၂။ သယံဇာတပြဿနာပုံ ၇

၃။ ရာသီခွင်ပြပြဿနာ ၈

၄။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ ၉

၅။ တည်နေရာနှင့် ပထဝီအနေအထား ၁၀

၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၁၀

၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၄

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၆

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(၄၈) ၁၇

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများ

ဇယား(၂) လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှာခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဇရိယာ

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် အခွင့်
အလမ်းများ

ဇယား(၂၃) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်
အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာသူများ ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့်
အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှု

ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

၉။စီမံချက်ဆိုင်ရာအဆိုပြုလွှာ(AVIP) ၇၈

၁၀။ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၈၀

၁၀။ကိုးကားစာရင်း ၈၁

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ဘဏ္ဍာရေးနှစ် အထိငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရှားဇောင်းကန် ကျေးရွာ၏ ကျေးရွာသူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မကွေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


စက်တင်ဘာလ ၊ ၂၀၂၂ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ရှားဇောင်းကန် ကျေးရွာ

မကွေးမြို့နယ်


၂။ ရွာဧရာင်းကန်ကျေးရွာ၊ သယံဇာတပြမြေပုံ



၃။ ရှားဇောင်ကန်ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



၄။ ရှာဖောင်းကန် ကျေးရွာ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ(VanDiagram)



၅။ တည်နေရာနှင့်ပထဝီအနေအထား

ရှားဇောင်းကန်ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း တည်ရှိပြီး မကွေး-တောင်တွင်းလမ်းမကြီး၏ တောင်ဘက်ဘက် မြင်ကွန်းလမ်းခွဲမှ အနောက်တောင်ဘက် (၇)မိုင်ခန့် အကွာတွင် တည်ရှိပြီး မကွေးမြို့မှ (၂၅)မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာသည် မြေပြန့်အနေအထား တည်ရှိပြီး တောင်ဘက်တွင် ဝက်တိုးကျေးရွာ၊ ကျေးရွာ၏ အနောက်တောင်ဘက်တွင် သံဘိုရွာမနှင့် သံဘိုရွာသစ်ကျေးရွာ၊ အရှေ့ဘက်တွင် ဂဲကြီးကုန်းကျေးရွာတို့ တည်ရှိပြီး ကျေးရွာ၏အနောက်မြောက်ဘက်တွင် အင်းနက်ကုန်းကျေးရွာ တည်ရှိပါသည်။

၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရှားဇောင်းကန်ကျေးရွာ၏ မိုးရေချိန်ပျမ်းမျှ တစ်နှစ်လျှင် (၃၀)လက်မအထိသာ ရွာသွန်းသော ကျေးရွာဖြစ်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် တည်ရှိသည့် အတွက် မိုးရွာသွန်းမှု နည်းပါးပါသည်။ ရာသီဥတုဖောက်ပြန်မှုနှစ်စဉ် ဖြစ်ပွားလျက်ရှိပြီး သီးနှံများ ပျက်စီးခြင်း၊ မိုးခေါင်ခြင်း၊ မိုးဦးကျနောက်ကျခြင်းများ ကြုံတွေ့လျက်ရှိပါသည်။ နွေရာသီတွင် အပူဒဏ်လွန်ကဲခြင်းဒဏ်ကိုခံစားရပါသည်။ သဘာဝရင်းမြစ်များ ဖြစ်သည့် ရေနံ၊ ဓာတ်ငွေ့၊ ကျောက်မျက်ရတနာ၊ ထွက်ရှိခြင်းမရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ်များ ထွက်ရှိသော်လည်း စီးပွားဖြစ်ရောင်းချနိုင်ခြင်း မရှိပါ။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ မှီခို အားထားပြီးစိုက်ပျိုးပါသည်။ မြေဩဇာသုံးစွဲမှုအနေဖြင့် တိရစ္ဆာန်စွန့်ပစ် ပစ္စည်းများကိုသာ အသုံးပြုကြပါသည်။ မြေလွတ်မြေလပ်များ ရှိသော်လည်း သစ်တော၊ သစ်ပင်များ ဖြစ်ထွန်းမှု နည်းပါးပါသည်။ လျှပ်စစ်မီးရရှိပြီးသည့် ကျေးရွာဖြစ်ပြီး သောက်ရေသုံးရေအဖြစ် တွင်းတိမ်စက်ရေတွင်းများနှင့် ဇရာဝတီမြစ်မှ ရေကို ရယူသုံးစွဲလျက်ရှိပါသည်။

၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ရှားဇောင်းကန်ကျေးရွာတွင် ဆယ်အိမ်မှူး(၅၁)ဦး၊ ရွာခွဲတာဝန်ခံ(၁)ဦး ပါဝင်သော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်လျက် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမီးဘေးကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းကာ မီးဘေးကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဇာတ်တိုက်ခြင်းဖြင့် မီးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များနှင့် အလှူပွဲ၊ မင်္ဂလာပွဲများတွင် လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့ တို့မှ ဦးဆောင်ကာ ဧည့်ခံကျွေးမွေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အခြား NGO အဖွဲ့များ ၊ အစိုးရဌာနများနှင့်လည်း ချိတ်ဆက်၍ သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း ယာမြေများမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် မြေဆီလွှာများ ပျက်ဆီးလာပြီး အထွက်နှုန်း လျော့နည်းကာ ဝင်ငွေနည်းပါးပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးနှင့် တွဲဘက်ကာ တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဆိတ်၊ နွားမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ လခစားဝန်ထမ်း နည်းပါးခြင်းကြောင့် လစဉ်ပုံမှန်ဝင်ငွေရရှိသော အိမ်ထောင်စု နည်းပါးပါသည်။ ကျေးရွာရှိ လူငယ်အချို့သည် မြို့ကြီးများရှိ ကုမ္ပဏီများနှင့် အခြားလုပ်ငန်း များတွင် ဝန်ထမ်းလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ဘုန်းကြီးကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း စာသင် ကျောင်း(၁)ကျောင်းရှိပါသည်။ ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းများသည် မြေသား လမ်းများဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ သွားလာရလွယ်ကူပြီး မိုးတွင်းကာလတွင် ကြမ်းတမ်းခက်ခဲစွာ သွားလာနေရပါသည်။ တံတား၊ ရေပြွန်၊ ရေကျော်များ မရှိပါ။ လျှပ်စစ်မီး ရရှိပြီး ရေသုံးစွဲမှုအနေဖြင့် အဝီစိ စက်တပ်တွင်းများမှရေကို ရယူ၍ သောက်ရေ၊ သုံးရေ အဖြစ် သုံးစွဲလျက်ရှိကြပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ အတွက် ဖုန်းများ၊ တီဗီ၊ ရေဒီယို၊ ဂြိုလ်တု၊ စလောင်းများရှိပြီး ဆက်သွယ်ရေးသတင်း အချက်အလက် ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများ၊ အာမခံလုပ်ငန်း ဝန်ဆောင်မှုများ မရှိပါ။ ကျေးရွာအနီးတွင် တယ်လီဖုန်းတာဝါတိုင်များ ရှိသည့်အတွက် အင်တာနက်လက်လှမ်းမီစွာ သုံးစွဲနိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

စိုက်ပျိုးရေးချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပြီး သမဝါယမအသင်းမှလည်း ချေးငွေထုတ်ယူရရှိပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သည့် PACT Myanmar ၊ စာထာပါနာ၊ မဟာမိတ် ငွေစုငွေချေး အဖွဲ့တို့မှလည်း ချေးငွေများ ရယူ၍ လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

(င) ပညာရေး

ရှားဇောင်းကန်ကျေးရွာတွင် အလယ်တန်းကျောင်း(၁)ကျောင်းရှိပြီး ကျောင်းနေ အရွယ် ကလေးအားလုံး ကျောင်းနေပြီး စာပေသင်ကြားလျက် ရှိပါသည်။ စာသင်ကျောင်း ဆောင်(၂)ဆောင်ရှိပြီး ကောင်းမွန်ပါသည်။ တက္ကသိုလ်သို့ ဆက်လက် တက်ရောက်လိုပါက

မကွေးမြို့ရှိ တက္ကသိုလ်များတွင် သွားရောက် တက်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ လူဦးရေ အများစုသည် မူလတန်းအဆင့် ရှိသူများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျောင်းသားအင်အားနှင့် စာသင်ကျောင်းဆောင် မျှတမှုရှိသော်လည်း ဆရာ/ဆရာမ အင်အား လုံလောက်မှု မရှိပါ။ ကျေးရွာတွင် အထက်တန်းပညာ တတ်မြောက်သူနှင့် ဘွဲ့ရပညာတတ်လူငယ် အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။

(စ) ကျန်းမာရေး

ရာသီကူးပြောင်းကာလများတွင် ဝမ်းပျက်ဝမ်းလျှောဂါ အနည်းငယ်နှင့် တီဗီရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပြီး ဆီးချို၊ သွေးချို၊ သွေးတိုး၊ အသည်း ရောဂါ(ဘီ/စီ)နှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာ ကျေးလက်ဆေးပေးခန်း မရှိပါ။ ကျေးရွာတွင် HIV/AIDS ရောဂါဖြစ်ပွားသူမရှိပါ။ အချို့ကလေးများတွင် အာဟာရ ချို့တဲ့မှု အနည်းငယ်တွေ့ရှိပါသည်။ သတ်မှတ်ရက်များတွင် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ တိုက်ကျွေးပေးသည်ကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုး၊ ဆီးချိုရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပြီး ရာသီအကူးအပြောင်းတွင် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ များနှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်တတ်ပါသည်။ HIV, AIDS ရောဂါဖြစ်ပွားမှုများ မတွေ့ရှိရပါ။ ပုံမှန်ကာကွယ်ဆေးများကို ကျေးလက်ကျန်းမာရေး ဦးစီးဌာနမှ သတ်မှတ်ရက် များတွင် ဆောင်ရွက်မှုများ တွေ့ရှိရပါသည်။ ရောဂါအခြေအနေ ပေါ်မူတည်ပြီး မကွေးမြို့ ပေါ်ရှိ ဆေးရုံများနှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူကြကြောင်း တွေ့ရှိရ ပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြေဆီ၊ မြေဩဇာ၊ မြေဆီလွှာများသည် မိုးသည်းထန်စွာ ရွာသွန်းပြီး တိုက်စားခြင်း၊ လေတိုက်စားခြင်း၊ ခေတ်မြေဩဇာသုံးစွဲမှု ရှည်ကြာလာသည်နှင့်အမျှ မြေဆီလွှာ ပျက်စီး နေပြီ ဖြစ်ပါသည်။ သစ်ပင်များပြုန်းတီးလျက်ရှိပြီး မိုးခေါင်ခြင်း၊ မိုးဦးကျနောက်ကျခြင်းများ ကြုံတွေ့ရသည့်အတွက် သီးနှံများ ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။ ဖျက်ပိုးကျရောက်မှု ၊ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှုများ ကြုံတွေ့လျက်ရှိပါသည်။

ဘေးအန္တရာယ်ဖြစ်စေသော မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်လူငယ် များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ မီးကျင်း၊ မီးကာဒ်၊ မီးချိတ်၊ လှေကားရေအိုးများ ထားရှိခြင်း စသော ကြိုတင်ကာကွယ်မှုများကို ခြောက်သွေ့ရာသီဖြစ်သော နွေရာသီတွင် အထူး ဂရုပြုကြပါသည်။

သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး အတွက် လမ်းများတွင် အမှိုက်ပုံများ၊ အမှိုက်အိတ်များထားရှိပါသည်။ သစ်တောမပြုန်းတီး စေရေးအတွက် အိမ်တိုင်း အေဝမ်းမီးဖိုသုံးစွဲကြပါသည်။ စိုက်ပျိုးရေးသုံးဓါတု ပိုးသတ်ဆေးဗူး အခွံများကိုလည်း မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း စသည်ဖြင့် လူနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် အသိပညာပေး၍ လိုက်နာဆောင်ရွက်စေပါသည်။

(၉) ကျား/မရေးရာ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီး ကျေးရွာ စီမံအုပ်ချုပ်မှုတွင် မပါဝင်ပါ။ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ မတွေ့ရှိရပါ။ လုပ်အားခ နှုန်းထားများတွင်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ လက်သမား/ပန်းရံလုပ်ငန်းများတွင် လုပ်အားခ ရရှိမှု ခွဲခြားမှုရှိပါသည်။ ကျန်လုပ်ငန်းများတွင် ကျား/မ ခွဲခြားမှု မရှိပါ။ ပညာတက်မြောက်မှု နှုန်းထားတွင် မူလတန်းပညာ တတ်မြောက်သူ များပြားပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား/မရေးရာ ပြဿနာ နည်းပါးပြီး ညှင်းပန်းနှိပ်စက်မှုများ မတွေ့ရှိရပါ။

မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ၏ ဦးစားပေးစီမံချက်များစာရင်း

စဉ်	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာအမည်		စီမံချက်အမည်		ဦးစားပေးအဆင့်	မှတ်ချက်
၁	မကွေး	ရှားဇောင်းကန်	(၁)	ရှားဇောင်းကန်	(၁)	ဂါလံ(၂၄၀၀)ဆံ့ စင်မြင့်ရေစင်(၂)စင် တည်ဆောက်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၁)	
					(၂)	အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းစီမံချက်	ဦးစားပေးအဆင့်(၂)	
					(၃)	မြေသားရေကန်တိုးချဲ့ပြုပြင်တည်ဆောက်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၃)	
					(၄)	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းစီမံချက်	ဦးစားပေးအဆင့်(၄)	
					(၅)	၄၀၀ ဗို့လိုင်းတိုးချဲ့သွယ်တန်းခြင်းနှင့် ကြေးကြိုးမှ ကာဗာကြိုးပြောင်းလဲတပ်ဆင်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၅)	
					(၆)	မြစိမ်းရောင်စီမံကိန်းရရှိရေးစီမံချက်	ဦးစားပေးအဆင့်(၆)	
					(၇)	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၇)	
					(၈)	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၈)	
					(၉)	ကုန်ထုတ်လမ်းခင်းခြင်းစီမံချက်	ဦးစားပေးအဆင့်(၉)	
					(၁၀)	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းစီမံချက်	ဦးစားပေးအဆင့်(၁၀)	

ရှားဇောင်းကန်ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား

စဉ်	ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံချက်
၁	ကျေးရွာတွင်းသောက်သုံးရေ လုံလောက်စွာမဖြန့်ဖြူး နိုင်ခြင်း	ကျေးရွာတွင်အိမ်ခြေ(၅၀၃)အိမ် ရှိသည့်အတွက် ရေသိုလှောင် ဖြန့်ဖြူးရန် ခက်ခဲနေခြင်း	ရေစင်တည်ဆောက်ရန်မြေနေရာ ရရှိနိုင်ခြင်း၊ လုပ်အားရရှိနိုင်ခြင်း၊ ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊	ကျေးရွာရှိရပ်မိရပ်ဖများမှ ဦးဆောင်၍အလှူရှင်များ ရှာဖွေခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊	ဂါလံ(၂၄၀၀)ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း
၂	ကျေးရွာတွင်အိမ်ခြေ အိမ်ထောင်စုများခြင်းကြောင့် ရေလုံလောက်စွာမရခြင်း	ကျေးရွာတွင်အိမ်ခြေ၊ အိမ်ထောင်စု များသည့်အတွက်ရေဖြန့်ဝေသည့် အချိန်တွင်အချိန်ပေး၍ ခပ်နေရခြင်း၊ အိမ်ထောင်စုများမှ ရေလုံလောက်စွာ မရရှိခြင်း ၊	ကျေးရွာမှရေပိုက်လိုင်းများ အတွက် မြေတူးရန်လုပ်အား ရရှိနိုင်ခြင်း၊ကျေးရွာလူထုမှ စိတ်အားထက်သန်မှုရှိခြင်း၊	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊	ကျေးရွာမှလူအားငွေအား ဖြင့်ကူညီနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်း စနစ် တည်ဆောက်ခြင်း
၃	တိရိစ္ဆာန်သောက်ရေအတွက် နွေအခါတွင်ခက်ခဲခြင်း	ကျေးရွာတွင် နွေအခါ တိရိစ္ဆာန်သောက်ရေအတွက် မြေသားရေကန် အားမှီခိုနေရခြင်း	ကန်တူးဖော်ရန်မြေနေရာရှိခြင်း၊ ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲ ရှိခြင်း၊	ကျေးရွာမှလူအားငွေအား ဖြင့်ကူညီနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မြေသားရေကန် တိုးချဲ့ပြုပြင် တည်ဆောက်ခြင်း
၄	ကျေးရွာတွင်းလမ်း မကောင်းခြင်း	မြေသားလမ်းဖြစ်နေခြင်း၊ မိုးတွင်းကာလတွင်ရေစီးကြောင်း နှင့်အတူ သဲများပါသွားသဖြင့် ချိုင့် ခွက်များကျန်နေခြင်း၊ နွေရာသီတွင်သဲတောများဖြစ် နေခြင်း၊	လမ်းအူကြောင်းများရှိခြင်း၊ လုပ်အားရရှိနိုင်ခြင်း၊ ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊	ကျေးရွာရှိရပ်မိရပ်ဖများမှ ဦးဆောင်၍အလှူရှင်များ ရှာဖွေခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊	ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းစီမံချက်

ရွာဧာင်းကန်ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား

စဉ်	ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	စီမံချက်
၅	ကျေးရွာတွင်းမီးမရရှိခြင်းနှင့် မီးမရရှိသည်အတွက် အခက်အခဲ များစွာရှိခြင်း	ကျေးရွာတွင်အလုပ်လက်မဲ့ များပြားခြင်း၊ အသက်မွေးဝမ်းကြောင်းအထောက် အကူပြုသည့်အတတ်ပညာတတ်သူ နည်းပါးခြင်း၊	ရေစင်တည်ဆောက်ရန်မြေနေရာ ရရှိနိုင်ခြင်း၊ လုပ်အားရရှိနိုင်ခြင်း၊ ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲ ရှိခြင်း၊	ကျေးရွာမှလူအားငွေအား ဖြင့်ကူညီနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	၄၀၀ဗို့လိုင်းတိုးချဲ့သွယ်တန်း ခြင်းနှင့် ကြေးကြိုးမှ ကာဗာကြိုးပြောင်းလဲ တပ်ဆင်ခြင်း
၆	ချေးငွေလွယ်ကူစွာမရရှိခြင်း	စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရာတွင်ငွေကြေး အခက်အခဲရှိခြင်း၊ အတိုးနှုန်းမြင့်မားခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေထူ ထောင်ထားသော်လည်း ရန်ပုံငွေနည်းပါးခြင်း	ကျေးရွာတွင်းပညာတတ် လူငယ်များရှိသဖြင့်ငွေကြေး စာရင်းဇယားများကိုင်တွယ် နိုင်ခြင်း၊ ကျေးရွာသည်ချေးငွေ စီမံကိန်းများအောင်မြင် အောင်လုပ်ဆောင်နိုင်စွမ်း ရှိခြင်း၊	မတည်ထုတ်ချေးမည့် ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မြစိမ်းရောင်ကျေးရွာ စီမံကိန်းရရှိရေး စီမံချက်
၇	ကလေးငယ်များပညာ သင်ကြားရန် နေရာ အခက်အခဲရှိခြင်း	ကျောင်းစာသင်ကျောင်းဆောင် မလုံလောက်ခြင်း ကျောင်းသား အင်အား များလာခြင်း	ကျောင်းဆောင်ဆောက်လုပ် ရန်မြေနေရာရှိခြင်း၊ ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲ ရှိခြင်း၊	ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျောင်း ဆောင် ရရှိရန် အကူအညီ များတောင်းခံခြင်း	စာသင်ကျောင်းဆောင် တည်ဆောက်ခြင်း စီမံချက်
၈	ကျေးရွာတွင်ကျန်းမာရေး ဆေးပေးခန်းမရှိခြင်း	ကျေးရွာတွင် အရေးပေါ်ဆေးကုသမှု ခံယူရန် အခက်အခဲရှိခြင်း မြို့ပေါ်ရှိဆေးရုံဆေးပေးခန်းများနှင့် အနည်း ဆုံး(၁၅)မိုင် အထက်ဝေးကွာ နေခြင်း	ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊	ကျေးရွာရှိရပ်မိရပ်ဖများမှ ဦးဆောင်၍အလှူရှင်များ ရှာဖွေခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊	ကျန်းမားရေးဆေးပေးခန်း တည်ဆောက်ပေးခြင်း စီမံချက်
၉	လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မှီ မပို့ဆောင်နိုင်ခြင်း	စိုက်ခင်းများနှင့်ကျေးရွာချင်း ဆက်လမ်းမကြီးတို့ကြား ဆက်သွယ်ထားသော လမ်းများမကောင်းမွန်ခြင်း၊ စိုက်ပျိုးရာသီတွင်စိုက်ခင်းများ ကြားသီးခြားလမ်းများမပေးခြင်း၊ ကျဉ်းမြောင်းနေခြင်း၊	တောင်သူများမှလမ်း ဖောက်လုပ်ရန်မြေနေရာ များလှူဒါန်းနိုင်ခြင်း	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲ ရှိခြင်း၊	ကျေးရွာမှလူအားငွေအား ဖြင့်ကူညီနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကုန်ထုတ်လမ်း ခင်းခြင်းလုပ်ငန်း စီမံချက်
၁၀	အစည်းအဝေးကျင်းပရန် နှင့်သာရေး/နာရေး ကိစ္စရပ်များဆောင်ရွက်ရန် သီးခြားနေရာမရှိခြင်း	အုပ်ချုပ်ရေး၊ပညာရေး၊ ကျန်းမာရေးအဖွဲ့အစည်း အသီးသီးမှလာရောက် ရာတွင် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ကျင်းပပြုလုပ်ရခြင်း၊	ကျေးရွာခန်းမဆောင် ဆောက်လုပ်ရန် မြေကွက်ရှိခြင်း	ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊	ကျေးရွာမှလူအားငွေအား ဖြင့်ကူညီနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း စီမံချက်

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၅	၁၈		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇၇	၆၄	၁၄၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသား အရွယ်	၆၉	၆၉	၁၃၈		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသား အရွယ်	၇၀	၇၁	၁၄၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၈၉	၆၈၂	၁၂၇၁	၄	၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆၁	၉၁	၁၅၂	၂	၂
စုစုပေါင်း		၈၇၉	၉၈၂	၁၈၆၁	၆	၆
စုစုပေါင်း အိမ်ထောင်စု		၅၀၃				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့် သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မြေပြင်ကွင်းဆင်၍ အမှန်တကယ် ကောက်ယူသော်လည်း မွေးဖွား/သေဆုံး/ပြောင်းရွှေ့မှု များရှိနိုင်ပါသဖြင့် အိမ်တောင်စုစာရင်းများ တိကျမှုမရှိနိုင်ပါ အမြဲတမ်း မှတ်တမ်းတင်ပြုစုထားနိုင်မှသာလျှင် အိမ်ထောင်စုရှိ လူဦးရေ တိကျမှုရှိနိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၈၇						မြင့်☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၂၄၆	၆၁၅					မြင့်☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း						၁၉၈	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း	၁						မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၄		၁		၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှနှိပ်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၁၅	၁၅					မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂						မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	၆						မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၈						မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှနှိပ်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၀						မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀						မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁						မြင့် ☐ လတ်☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☑ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား /ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၉						မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် **“မိသားစုဝင် လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”** တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလို ပါသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းအား စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်၍ တပိုင်တနိုင် မွေးမြူကြခြင်းဖြစ်ပါသည်။ အခြားအသက်မွေး ဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ဆောက်လုပ်ရေးလုပ်သားများ၊ အစိုးရ/ကုမ္ပဏီဝန်ထမ်းများသည် မကွေးမြို့နှင့် အခြားမြို့များရှိ ကုမ္ပဏီများတွင် သွားရောက်လုပ်ကိုင်သူ များပြားကြောင်းနှင့် စက်ချုပ်လုပ်ငန်း၊ လက်လီ လက်ကားဈေး ရောင်းဝယ်ခြင်းနှင့် ပို့ဆောင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သူ အသင့်အတင့် ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ ရေငန်ငါး ဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၈၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်အတွက် တစ်ရက်လုပ်အားခ(၆၀၀၀) ကျပ်ဖြစ်ပြီး အခြေအနေနှင့် အချိန်အခါအရ တစ်ရက်လုပ်အားခ (၆၀၀၀)ကျပ် အပြင်ပိုမို ပေးရသည် များလည်း ရှိကြောင်း သိရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၆၀၇.၇၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၆၀၇.၇၅	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊

(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊

(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊

(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး

လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။
လေ့လာတွေ့ရှိချက်။ ။ ယာမြေကိုသာအဓိကပိုင်ဆိုင်ပြီး အခြားမြေအမျိုးအစားများ ပိုင်ဆိုင်မှု မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြား တွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတော	များ ☐ သင့်☐	လွယ် ☐ ခက်☐	လျော့ ☐ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
များ	နည်း ☐ မရှိ ☑	အသုံးမပြုနိုင်ပါ ☑	အပြောင်းအလဲမရှိ ☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနေဖြင့် သတ္တု။ ဓာတ်ငွေ့၊ ရေနံနှင့် ကျောက်မျက်ရတနာများ ထွက်ရှိခြင်းမရှိပါ။ သောက်ရေနှင့် သုံးရေများ ရရှိသော်လည်း ခက်ခဲပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၀	၁၈၉	၉၇	၁၈၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလွန်အဆင်ပြေသော အိမ်ထောင်စု(၃၀)စု၊ အသင့်အတင့်အိမ်ထောင်စု(၁၈၉)စု၊ အဆင်မပြေသော အိမ်ထောင်စု (၉၇)စုရှိပြီး အလွန်အဆင်မပြေသော အိမ်ထောင်စု (၁၈၇)စုရှိကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြတ်ကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ =_____
ဖြတ်မှာ၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီး(၂၀)ဦးရှိပြီး ဆွေမျိုးများနှင့် ရပ်ရွာ၏အထောက်အပံ့ဖြင့် အသက်မွေးလျက်ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများပြားပြီး မပြေလည်သည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၁၀)စုရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေဇယား

(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ(		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်း						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင် ရေငံ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ(		
	ဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း		√				
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		√				
၁၈	သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ)						
၁၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/ လမ်းပန်း ဆက်သွယ် ရေး ခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက်

ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။
(ဥပမာ။ ။ အိမ်ထောင်စုဝဝတွင်၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စုဝဝတွင်၂၅မှ၅ဝအိမ်ထောင်စု – လတ်
အိမ်ထောင်စုဝဝတွင်၅ဝအိမ်ထောင်စုအထက် – မြင့်)
လေ့လာတွေ့ရှိချက်။ ။ မိုးရေကို အားထား လုပ်ကိုင်ရသောတောင်သူများအတွက် မိုးခေါင်သည်မှာ (၃)နှစ်ရှိပြီး ဖြစ်သည့်တွက် သွင်းအားစုနှင့် လုပ်အားခများပါ ထပ်ဆင့်ဆုံးရှုံးရသောကြောင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကိုပင် တောင်သူတိုင်း ပြန်မဆပ်နိုင်သေကြောင်း တွေ့ရှိရပါသည်။

(ဇ–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁ဝ) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့်လိုက်လျောညီထွေ ဖြစ်စေမည့်အစီအမံများ(		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်						
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု						
၃	ဆင်းရဲသားတောင်သူ						
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့်လိုက်လျောညီထွေ ဖြစ်စေမည့်အစီအမံများ(		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်း ပဋိပက္ခဧရိယာတွင် နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီး အသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါခြင်း ရာသီဥတုဖောက်ပြန်သည့် နှစ်များတွင် စိုက်ပျိုးသီနှံများ ကောင်းမွန်မှုမရှိခြင်း ဖြစ်သည့်အခါများတွင် ပုံမှန်ဝင်ငွေမရရှိသည့်အတွက် စီးပွားရေး၊ စားဝတ်နေရေး ကျပ်တည်းမှုများ ထိခိုက်သက်ရောက်မှုရှိနိုင်ကြောင်း တွေ့ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁□/☑၃□	၅၅	-	၅၅	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၂	ရေကော်မတီ	၁□/☑၃□	၇	၃	၁၀	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၃	မီးကော်မတီ	၁□/☑၃□	၈	၂	၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၄	ပရဟိတ	၁□/☑၃□	၅	-	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၅	အထောက်အကူပြု	၁□၂☑၃□	၇	-	၇	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အဖွဲ့အစည်း(၇)ဖွဲ့ရှိပြီး သာရေး၊ နာရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများသည် အမျိုးသားများနည်းတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
		၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
		၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
		၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန်အလို့ငှာ

ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစီမံးရောင်၊ VDP ကစသည့် စီမံကိန်းများဖြင့် ချမှတ်ဆောင်ရွက် လုပ်ကိုင်မှုများကြောင့် လမ်း၊ တံတား၊ မီး၊ ရေ အစရှိသဖြင့် ကျေးရွာတိုင်းလိုလို တစ်မျိုး(သို့မဟုတ်)နစ်မျိုးနှင့် အထက် ရရှိဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၄၆		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်			ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၄၁		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၂၁		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂၅		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၄၃၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ တောင်သူများ ပေါများပြီး လယ်ယာစိုက်ပျိုးချိန်ဖြစ်သည့် မိုးရာသီနှင့် ဆောင်းရာသီတွင် နှမ်းစိုက်ခြင်း၊ ပေါင်းနှုတ်ခြင်း၊ နှမ်းနှုတ်ခြင်း၊ ပဲစိုက်ခြင်း၊ ပဲစွတ်ခြင်းများဖြင့် နေ့စားလုပ်ကိုင်စားသောက်ကြပါသည်။ ရာသီအလိုက်သာ စိုက်ပျိုးရိတ်သိမ်းကြသည့်အတွက် ကျန်အချိန်များတွင် အလုပ်လက်မဲ့များ ပေါများပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲ မရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲ မရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲ မရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲ မရှိ☐
၅	အဝီစိတွင်း	၂	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲ မရှိ☑
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲ မရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲ မရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခု ကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ် က အခြေအနေ (မှန်ရာတစ်ခု ကိုသာရွေးရန်)
၈	မြစ်ရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☑ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲ မရှိ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မိုးရေကိုသာ အားထားစိုက်ပျိုး ရသောကြောင့် မိုးခေါင်သည့် နှစ်များတွင် သွင်းအားစုနှင့် လုပ်သားခများပါ ဆုံးရှုံးရသောကြောင့် ရေရရှိနိုင်မည့် နည်းလမ်းများ အား ပညာရှင်များမှ ဖော်ထုတ်ကူညီဆောင်ရွက်ပေးလျှင် တောင်သူများ အဆင်ပြေနိုင်မည်ဟု လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ် ချက် (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	ထိခိုက် လွယ်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
နှမ်း	၁၀၀၇	တင်း						မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
မြေပဲ	၆၀၀.၇၅	တင်း						မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
မြေပဲ	၁၂၀၇.၇၅	တင်း						မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ် ချက် (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)	ထိခိုက် လွယ်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်)
		ယူ နစ်	အ နည်း ဆုံး	အ များ ဆုံး	ပျှမ်း မျှ	မှ	ထိ			
ပဲတီစိမ်း	၁၀၀၀	တင်း						မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
နွားစာ	၃၀၀.၃	တင်း						မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ရာသီဥတု၊ မြေအအာတန်းအစား၊ သွင်းအားစုများ အပေါ်မူတည်၍ သီးနှံ

ထွက်ရှိခြင်းဖြစ်သည့် အတွက် တောင်သူတစ်ဦးချင်းစီ၏ တစ်ကေ အထွက်နှုန်းများ တူညီမှုမရှိကြောင်း လေ့လာတွေ့ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁	-	-	၁၈၇
လက်တွန်း ထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်း ခြွေလှေ့စက်				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်း ရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တောင်သူဦးရေ (၁၈၇)ဦးရှိပြီး ပုဂ္ဂလိကပိုင်ထွန်စက်(၁)စီး သာရှိသဖြင့် အချိန်နှင့်တပြေညီ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိပါ။ စက်မူလယ်ယာမှ ထွန်စက်များ လာရောက်မောင်းနှင်းပေးနိုင်မည် ဆိုပါက အဆင်ပြေနိုင်ပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံစွေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ☑
ရာသီဥတုအခြေအနေ ပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးဦးစီးဌာနရှိသော်လည်း တောင်သူများ၏ လယ်/ယာမြေများသို့ ကွင်းဆင်းစစ်ဆေးခြင်းနည်းပညာပေးခြင်းများ မပြုလုပ်သောကြောင့် တောင်သူများမှ ဓါးမဦးချ လုပ်ကိုင်နည်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက် နေရပါသည်။အကယ်၍ ကွင်းဆင်းပေးခြင်း၊ နည်းပညာပေးခြင်းများ လုပ်ကိုင်ဆောင်ရွက်ပေးမည်ဆိုပါက တောင်သူများအတွက် ပိုမိုကောင်းမွန်မည်ဟု တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဥယားဝဂ်နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
